


# ဆာလောင်နေသော ခူကောင်လေး



unicef

# ဆာလောင်နေသော ခူကောင်လေး





လသာပြီး တိတ်ဆိတ်တဲ့ ညတစ်ညမှာ သစ်ရွက်တစ်ရွက်ပေါ်မှာ ဥကလေး တစ်ဥကို တွေ့ရတယ်။




နံနက်မိုးလင်း နေထွက်လာတဲ့ အချိန်မှာ ခူကောင်သေးသေး လေး တစ်ကောင်ဟာ ဥကလေး ထဲက ထွက်လာတယ်။




ခူကောင်ကလေးဟာ တဖြည်း
ဖြည်း တွားသွားရင်း နေ့လယ်
ပိုင်းရောက်တဲ့အခါမှာ အရမ်းကို
ဆာလောင်တာပေါ့။ ဒါနဲ့ သူ
အစာရှာထွက်တာပေါ့ကွယ်။




တနင်္ဂနွေနေ့မှာ သင်္ဘောသီး
ကြီးကြီးတစ်လုံးကိုတွေ့ပြီး
ဖောက်စားလိုက်တယ်။




တနင်္လာနေ့မှာ မင်းကွတ်သီး
နှစ်လုံးကို ထပ်စားလိုက်ပြန်
တယ်။




အင်္ဂါနေ့မှာ လိမ္မော်သီး သုံးလုံး
ကို တွေ့တော့ အကုန်စားလိုက်
တယ်။




ဗုဒ္ဓဟူးနေ့မှာ ပန်းသီးလေးလုံး
ကိုတွေ့တော့ စားလိုက်ပြန်
တယ်။




ကြာသပတေးနေ့မှာ သရက်သီး ငါးလုံးကိုတွေ့တော့ အကုန်လုံး စားလိုက်တယ်။



သောကြာနေ့မှာ အရမ်း ဆာ
လောင်တဲ့အတွက် ငှက်ပျောသီး
တစ်လုံး၊ ရေခဲမုန့်တစ်ခု၊
စတော်ဘယ်ရီသီး တစ်လုံး၊
မုန့်လာဥ တစ်ဥ၊ ဖရဲသီး
တစ်စိတ်နဲ့




ခရမ်းချဉ်သီး တစ်လုံး၊
ပြောင်းဖူး တစ်ဖူး၊ ရုံးပတီသီး
တစ်တောင့်၊ သခွားသီး
တစ်လုံးနဲ့ နာနတ်သီး
တစ်လုံးကို စားလိုက်ပြီးတော့ ...




ဗိုက်မပြည့်သေးတဲ့အတွက်
စနေနေ့မှာ သစ်ရွက်စိမ်းကြီး
တစ်ရွက်ကိုပါ ထပ်စားပစ်
လိုက်တယ်။



အခု ခူကောင်ကလေး ဗိုက်
မဆာတော့ဘူး၊ ခူကောင်ကြီး
တစ်ကောင် ဖြစ်သွားပြီ။



နောက်တော့ သူ့ရဲ့အိတ်ထဲမှာ
ပြန်အိပ်ပျော်သွားတယ်။
ပြီးတော့ ...



နိုးလာတဲ့အခါ လှပတဲ့ လိပ်ပြာ
ကြီးတစ်ကောင် ဖြစ်လာတယ်။





ကာတွန်းသရုပ်ဖော် သစ်ထွဏ်း
ဂရပ်ဖစ်ဒီဇိုင်း ဇေဖြိုး

unicef

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။